# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအားကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းရေးဦးဆောင်ကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယဝန်ကြီးတက်ရောက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအားကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းရေးဦးဆောင်ကော်မတီ၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၀-၁-၂၀၁၈)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်မျိုးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနလက်အောက်ရှိဌာနများမှ ဌာနအကြီးအကဲများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဥပဒေအကြံပေးများ တက်ရောက်ခဲ့ကြပြီး ဦးဆောင်ကော်မတီဥက္ကဌနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ကော်ပိုရေးရှင်းအသွင်ပြောင်းလဲဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)အပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



